PAULA HAWKINS

# THE GIRL ON THE TRAIN

နိုင်ငံတကာတွင်
အုပ်ရေ ၁၅ သန်းကျော်
ရောင်းချပြီး ဖြစ်သည့်
စာအုပ်

# ရထား
# ပေါ်က
# မိန်းကလေး

ချမ်းမြေ့ဝင်း
ဘာသာပြန်သည်

ဇာစ်မြစ်

မူရင်းစာရေးဆရာမ Paula Hawkins ၏ ခွင့်ပြုချက်ဖြင့်
ဇာစ်မြစ်စာအုပ်ထုတ်ဝေရေးမှ ဘာသာပြန်ဆိုထုတ်ဝေသည်။

# ဘာသာပြန်သူ၏ အမှာ

ဂရုမစိုက်ခြင်း အနုပညာနဲ့ သုခမြေပုံ စာအုပ်တွေကို ဘာသာပြန် ထုတ်ဝေပြီးတဲ့ အခါ နောက်တစ်အုပ် အနေနဲ့ ဘာစာအုပ်ကို ရွေးမလဲဆိုတာ… တော်တော်ကို ခေါင်းကိုက်ခဲ့ပါတယ်။ ဘာဖြစ်လို့ လဲဆိုတော့ အဲဒီ နှစ်အုပ်စလုံးဟာ သုတရသစာပေလို့ ပြောလို့ ရတဲ့ စာအုပ်အမျိုးအစားတွေ ဖြစ်နေပြီး ကျွန်တော် တကယ်စွဲစွဲမြဲမြဲ ဖတ်ဖြစ်တဲ့ စာအုပ်တွေအားလုံးနီးပါးက ဝတ္ထုစာအုပ်တွေ ဖြစ်နေလို့ ပါ။ ဝတ္ထုစာအုပ်တွေထဲမှာမှ ကျွန်တော် အကြိုက်ဆုံး အမျိုးအစားက သည်းထိတ်ရင်ဖို ဇာတ်လမ်းတွေ။ ဒီတော့ တိတယတစ်အုပ် အနေနဲ့ ဖြစ်ချင်ရာဖြစ် ဝတ္ထုစာအုပ်ကိုပဲ ဘာသာပြန်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။

ကျွန်တော့်ရဲ့ ဘာသာပြန် စာအုပ်တွေကို အားပေးခဲ့သူတွေ အတွက်ကတော့ အခု 'ရထားပေါ်က မိန်း ကလေး' စာအုပ် ထွက်လာတဲ့ အခါ ဇဝေဇဝါတွေ ဖြစ်ရင် ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဘာသာပြန် တစ်ယောက် ဖြစ်တဲ့ အတွက် ဘယ်လိုစာအုပ်ကိုပဲ ပြန်မယ်လို့ ယတိပြတ် ဆုံးဖြတ်လို့ မဖြစ်နိုင်ဘူးလို့ ယူဆပါတယ်။ ဘာစာအုပ်အမျိုးအစားပဲ ဖြစ်စေ၊ အကောင်းဆုံး ဘာသာပြန်ပေးဖို့ ကိုပဲ စိတ်ထဲမှာ ဆုံးဖြတ်ထားပါတယ်။

အင်္ဂလိပ် စာရေးဆရာမ ပေါ်လာဟော့ကင်းရဲ့ ပထမဆုံး ဝတ္ထုစာအုပ်ဖြစ်တဲ့ ရထားပေါ်က မိန်းကလေး စာအုပ်ဟာ ကမ္ဘာတစ်ဝန်းမှာ အုပ်

ရေ ၁၅ သန်းကျော် ရောင်းချထားတဲ့ စာအုပ်တစ်အုပ်ပါ။ Unreliable Narrators (စိတ်မချရသော ဇာတ်ကြောင်း ပြောသူများ ) ဆိုတဲ့ စာအုပ်အမျိုးအစားဟာ အနောက်တိုင်း မှာ တော့ နာမည်ကြီးနေခဲ့တာ ကြာပါပြီ။ ဇာတ်လမ်းကို ပြောပြနေတဲ့ သူက အကြောင်းအမျိုးမျိုးကြောင့် အမှန်အတိုင်း မပြောတာ၊ မမှတ်မိတာ၊ ဇဝေဇဝါဖြစ်နေတာ... ဖတ်ရင်း ဖတ်ရင်းနဲ့ မှ အဖြစ်မှန်ကို တဖြည်းဖြည်း သိလာတာ စတဲ့ ဇာတ်အိမ်တည်ဆောက်ပုံတွေနဲ့ ပရိသတ်ကို ဖမ်းစားတဲ့ စာအုပ်တွေပေါ့။ ရေးတဲ့သူကောင်းရင် အင်မတန် ဖတ်လို့ ကောင်းတဲ့ စာအုပ်အမျိုးအစားပါ။

ရထားပေါ်က မိန်းကလေး စာအုပ်က မိန်းကလေးသုံးယောက်ရဲ့ မြင်ကွင်းကနေ ရေးထားတဲ့ စာအုပ် ဖြစ်တဲ့ အတွက် ကျွန်တော့်မှာ ဘာသာပြန်ရတာ အတော်ခက်ပါတယ်။ မိန်းကလေးတွေရဲ့ ခံစားချက်တွေကို နားမလည်ဘဲ ဘာသာပြန်ရတဲ့ အခါ ချို့ယွင်းချက်တချို့တော့ ရှိနေနိုင်ပါတယ်။ ဘယ်လိုပဲပြောပြော စာဖတ်သူတွေ ဒီစာအုပ်ကို အစကနေ အဆုံးအထိ ဖတ်ဖြစ်တယ်ဆိုရင်ပဲ ကျွန်တော် ကျေနပ်ပါတယ်။

မိန်းကလေးတွေရဲ့ ခွန်အား၊ ခံယူချက်၊ သိက္ခာ၊ အချစ်နဲ့ အစွဲအလမ်းတွေကို မညှာမတာ အပွင့်လင်းဆုံး ရေးထားတဲ့ စာအုပ် ဖြစ်တဲ့ အတွက် စာဖတ်သူတွေ ကြိုက်မယ်လို့ မျှော်လင့်ပါတယ်။ လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ခုလည်း ဖြစ်နေတဲ့ အတွက် တစ်အုပ်လုံးကို အချိန်လေးပေးပြီး သေသေချာချာ ဖတ်ကြည့်ဖို့ တိုက်တွန်းပါတယ်။ စာအုပ်ထဲမှာ ပါတဲ့ ရက်စွဲ၊ အချိန်၊ နေရာနဲ့ စကား အသုံးအနှုန်းတွေ အကုန်လုံးဟာ သူ့နေရာနဲ့ အချိတ်အဆက် မိအောင် တမင်ထည့်ထားတာ ဖြစ်တဲ့ အတွက် ကျွန်တော်လည်း အတတ်နိုင်ဆုံး ကွင်းဆက်မိအောင် ကြိုးစားပြီး ဘာသာပြန်ထားပါတယ်။

အမှားပါသွားရင် ကျွန်တော့်အမှားပဲ ဖြစ်ပြီး ဖတ်လို့ ကောင်းတယ်ဆိုရင်တော့ မူရင်း စာရေးဆရာမရဲ့ လက်စွမ်းပါပဲ။

ကျေးဇူးပါ။

**ချမ်းမြွေဝင်း**
**၂၀၁၉၊ မတ်လ။**

*****

ရထားလမ်းဟောင်းတွေ အနားက သစ်ပင်တစ်ပင်အောက်မှာ ကျွန်မ သူ့ကို မြှုပ်ထားခဲ့တယ်။ သူ့ရဲ့ မြေပုံကို ကျောက်စရစ်ခဲတွေနဲ့ အမှတ်အသား လုပ်ထားတယ်။ တခြား မည်မည်ရရတော့ ဘာမှ မထားခဲ့ပါ။ သူများ တွေ မမြင်စေချင်ဘူးလေ။ ဘာအမှတ်အသားမှ မရှိဘဲနဲ့ လည်း မထားခဲ့ရက်ပြန်ဘူး။ အဲဒီနေရာမှာ သူ အေးအေးချမ်းချမ်း အနားယူနိုင်မှာ ပါ။ ဖြတ်သွားဖြတ်လာ ရထားဟောင်းတွေရဲ့ အသံတွေနဲ့ ငှက်တွေရဲ့ သီချင်း သံတွေကလွဲရင် တိတ်ဆိတ် ငြိမ်းချမ်းပါတယ်။

******

တစ်ကောင်ဆိုရင်... ငိုရမယ်... နှစ်ကောင်ဆိုရင်... ပျော်ရမယ်... သုံးကောင်ဆိုရင် ... မိန်းကလေး ... သုံးကောင်ဆိုရင်... မိန်းကလေး... ပြီးသွားတော့ ဘာဆက်လာသလဲ ကျွန်မ... မသိတော့ဘူး။ မမှတ်မိ

တော့ဘူး။ ခေါင်းထဲမှာ အသံတွေ ဆူညံပြီး ပြည့်နှက်နေတယ်။ ကျွန်မ ပါးစပ်ထဲမှာ သွေးတွေ ပျစ်ခဲနေတယ်။ သုံးကောင်ဆိုရင် မိန်းကလေး... ။ သပိတ်လွယ် ငှက်တွေရဲ့ အသံကို ကြားနေရတယ်။ ကျွန်မကို လှောင်ရယ်နေ ကြတယ်။ စူးစူးဝါးဝါး ဟားတိုက်နေကြတာ။ ငှက်အုပ်ကြီး ... နိမိတ်ဆိုးတွေ။ အခု... ကျွန်မ မြင်နေရပြီ... နေရောင်ကို နောက်ခံပြီး မည်းမှောင်နေလိုက်တာ။ ငှက်တွေ မဟုတ်ဘူး ... လူတစ်ယောက်။ လူတစ်ယောက် လာနေတာ။ ကျွန်မကို စကားပြောနေတာ။ ကြည့်စမ်း... ကြည့်... မင်းလုပ်တာ... မင်းလုပ်လို့ ဒီလို ဖြစ် ရတာ...

******

ရေချယ်
ဇူလိုင် (၅) သောကြာနေ့၊ ၂၀၁၃

## မနက်

ရထားလမ်းဘေးမှာ အဝတ်ပုံတစ်ပုံ။

အပြာဖျော့ဖျော့နဲ့ အဝတ်က ရှပ်အင်္ကျီလို့ ထင်တာပဲ။ ဖြူညစ်ညစ် အဝတ်စုတ်တစ်ခုနဲ့ အတူ လုံးထွေးနေ တယ်။ လွှင့်ပစ်သွားတာ ထင်တယ်။ ဒီရထားလမ်းကို ပြင်တဲ့ အင်ဂျင်နီယာတွေ ထားခဲ့တာလည်း ဖြစ်နိုင်တာပဲ။ သူတို့ က ဒီနေရာကို တစ်ချိန်လုံးလာနေရတာ မဟုတ်လား။ ဒါလည်း ဟုတ်ချင်မှ ဟုတ်မှာ ပါ။ ကျွန်မဟာ သိပ်ကို အတွေး ခေါင်လွန်းတယ်တဲ့ ... အမေက ပြောဖူးတယ်။ တွမ်ကလည်း အဲဒီလိုပဲ ပြောခဲ့ဖူးတယ်။ ပြောလည်း မတတ်နိုင်ဘူးလေ...။ အခုလို လွှင့်ပစ်ထားတဲ့ အရာတွေကို မြင်တဲ့ အခါ၊ တီရှပ် အစုတ်တစ်ထည်ပဲ ဖြစ်ဖြစ်၊ ဖိနပ်စုတ် တစ်ဖက်ပဲ ဖြစ်ဖြစ်... တွေ့မိတဲ့ အခါ ကျန်တဲ့ ဖိနပ်တစ်ဖက် ဘယ်ရောက်နေသလဲ၊ ဒီဖိနပ်ကိုစီးခဲ့တဲ့ သူ ဟာ ဘယ်လိုလူမျိုးလဲ ဆိုတာကို ကျွန်မ အရင်တွေးမိတယ်။

ယိမ်းရင်း ယိုင်ရင်း၊ တကျွီကျွီမြည်ရင်း လန်ဒန်ဘက်ကို ရထားပြန်ထွက်ပြီ။ အဝတ်ပုံလည်း မြင်ကွင်း ထဲက ပျောက်သွားတယ်။ ကျွန်မရဲ့

နောက်မှာ ထိုင်နေတဲ့ လူတစ်ယောက်က စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းချ တယ်။ အကျ်ရှုံပြူရီ ကနေ ယူစတန် ကိုသွားတဲ့ ၈:၀၄ အနေးရထား ဟာ ပုံမှန်စီးနေကျသူတွေ တောင်မှ သေချင်စိတ် ပေါက်လာအောင်ကို နှေးလွန်းတယ်။ တကယ်ဆိုရင် ဒီခရီးစဉ်က ၅၄ မိနစ်ပဲ ကြာရမှာ ။ ဒါပေမဲ့ အမြဲလိုလို ပိုကြာသွားတာများ ပါတယ်။ ဒီဘက်ပိုင်းက ရထားလမ်းတွေဟာ တော်တော်ကို အိုဟောင်းနေပြီ။ အချက်ပြမီးတွေက ခဏခဏ ပြဿနာတက်တယ်။ တခြားပြင်စရာတွေလည်း ပြင်လို့ မပြီးနိုင်ဘူး ။

ရထားက လူးလွန့်ရင်း ဂိုဒေါင်တွေ၊ ရေစင်တွေ၊ တံတားတွေ၊ သံလမ်းကို ကျောပေး ဆောက်ထားတဲ့ ခပ်သန့်သန့် အိမ်လေးတွေကို ကျော်လာတယ်။

ရထားပြတင်းပေါက်ကို ခေါင်းမှီရင်း... ကျွန်မ မျက်စိရှေ့က ဖြတ်သွားတဲ့ အိမ်တွေကို ကြည့်နေမိတယ်။ ရုပ်ရှင်ထဲမှာ ဆိုရင် ကင်မရာရှေ့က တရိပ်ရိပ် ဖြတ်သွားတဲ့ မြင်ကွင်းမျိုးပေ့ါ။ အဲဒီအိမ်တွေကို ကြည့်တဲ့ အခါ... သူများ တွေ မမြင်တတ်တဲ့ အရာတွေကို ကျွန်မ မြင်တတ်တယ်။ အိမ်ပိုင်ရှင်တွေတောင် ကျွန်မနေရာကနေ ကိုယ့် အိမ်ကိုယ် ပြန်ကြည့်ဖူးမယ် မထင်ဘူး။

ရထားပေါ်ကနေ တစ်ရက်ကို နှစ်ကြိမ်... သူများ တွေရဲ့ ဘဝကို ကျွန်မ လှမ်းကြည့်ခွင့် ရတယ်။ ကိုယ်စီ ကိုယ်စီ... အိမ်တွေထဲမှာ ဘေးမသီရန်မခ နေနေကြတဲ့ သူစိမ်းတွေကို ငေးကြည့်ရတာ တစ်မျိုးတော့ စိတ်သက် သာရာရတယ်။

ဘယ်သူ့ဖုန်းလဲ မသိဘူး၊ အသံမြည်နေတယ်။ ဖုန်းကို တော်တော်နဲ့ မကိုင်တော့ သီချင်းသံက အစကနေ ပြန်စတယ်။ ခရီးသည် တွေ ထိုင်ခုံ

မှာ ဟိုရွှေ့ ဒီရွှေ့လုပ်ကြတယ်။ သတင်းစာကို တရှုပ်ရှုပ်လှန်ကြတယ်။ ကွန်ပျူ တာပါလာတဲ့ သူတွေက ကီးဘုတ်ကို တစ်ချက်ချက် နှိပ်ကြတယ်။

အချက်ပြ မီးနီနားကို ရောက်လာတော့ ရထားက ရုတ်ခနဲ နှေးကျသွားတယ်။ ကျွန်မ မော့မကြည့်မိအောင် ထိန်းတယ်။ လက်ထဲက သတင်းစာကို ဖတ်ဖို့ ကြိုးစားတယ်။ ဖတ်လို့ မရဘူး။ စာလုံးတွေ ဝေဝါးနေတယ်။ ဘာမှ အာရုံစိုက်လို့ မရဘူး။ မျက်စိထဲမှာ သံလမ်းဘေးက လွှင့်ပစ်ခံထားရတဲ့ အဝတ်ပုံကိုပဲ မြင်နေတယ်။

***

## ညနေ...

ဂျင်နဲ့ တောနစ် ရောထားတဲ့ ဘူးကို မော့သောက်လိုက်တော့ ဘူးနှုတ်ခမ်းမှာ အမြှုပ်တွေဝေပြီး ကျန်ခဲ့ တယ်။ အရသာက အေးပြီး စူးရှနေတာ။ တွမ်နဲ့ ပထမဆုံး ခရီးထွက်တုန်းကလိုမျိုးပေါ့။ ၂၀၀၅ လောက်တုန်းက ထင်တယ်။ ဘာ့စ်ခ် ကမ်းရိုးတန်းမှာ ရှိတဲ့ တံငါရွာလေးတစ်ခုဆီ ကျွန်မနဲ့ တွမ် နှစ်ယောက်တည်း သွားလည်ဖူးတယ်။ မနက်ခင်းတွေဆိုရင် မလှမ်းမကမ်းက ကျွန်းကလေးဆီ မိုင်ဝက်လောက် ရေကူးပြီး သွားတယ်။ လူသူမရှိတဲ့ ကမ်းခြေတွေပေါ်မှာ ချစ်တင်းနှောဖူးတယ်။ နေ့လယ်ဘက်တွေကျတော့ နှစ်ယောက်သား ဟိုတယ် အရက်ဘားမှာ ထိုင်၊ ဂျ

င်နဲ့ တောနစ် ခပ်ပြင်းပြင်းကို သောက်ရင်း ကမ်းခြေမှာ ဘောလုံးကန်နေကြတဲ့ သူတွေကို အတူတူ ထိုင်ငေးဖူးတယ်။

နောက်တစ်ငုံ ထပ်သောက်လိုက်တယ်။ သံဘူးက တစ်ဝက်ကျိုးနေပြီ။ ရပါတယ်။ ပြဿနာမရှိဘူး။ ခြေထောက်နားမှာ ချထားတဲ့ ပလတ်စတစ်အိတ်ထဲမှာ သုံးဘူးကျန်သေးတယ်။ ဒီနေ့ သောကြာနေ့ မဟုတ်လား။ ရထားပေါ်မှာ အရက်သောက်လည်း ကဲ့ရဲ့ မယ်သူ သိပ်မရှိဘူး။ TGIF လေ။

အားလုံးပြောနေကြတာတော့ ဒီတစ်ပတ်ရုံးပိတ်ရက်က တော်တော်သာယာမယ်ဆိုပဲ။ နေသာမယ်။ တိမ်ကင်းစင်မယ်။ အရင်တုန်းက ဒီလို ပိတ်ရက်မျိုး ဆိုရင် ကော်လီဗုဒ် တောအုပ်ထဲကို သွားပြီး ပျော်ပွဲစား ထွက်နေကျပေါ့။ နေရောင် အကွက်အပြောက်တွေ လွှမ်းထားတဲ့ မြက်ခင်းပြင်ပေါ်မှာ လှဲအိပ်မယ်။ ဝိုင်သောက်မယ်။ ဒါမှ မဟုတ် အိမ်နောက်ဘက် ခြံထဲမှာ ပဲ သူငယ်ချင်းတွေကိုခေါ်၊ ဝိုင်းဖွဲ့ပြီး ဘီယာသောက်၊ အသားကင်စားကြမယ်။ ဒါမှ မဟုတ် ဘီယာဆိုင်ကိုသွား၊ အပြင်ဘက် စားပွဲမှာ ထိုင်၊ မျက်နှာမှာ နေရောင်နဲ့ အရက်ရောင်တွေ တစ်လှာချင်း တရိပ်ရိပ်တက်၊ ညနေစောင်းမှ တစ်ယောက်ပခုံး တစ်ယောက်ဖက်ရင်း ယိုင်ထိုးပြီး အိမ်ကိုပြန်မယ်။ ပြီးရင် ဆိုဖာပေါ်မှာ ပဲ အိပ်ပျော်သွားကြမယ်။

အခုတော့ နေသာလည်း ၊ တိမ်ကင်းစင်နေလည်း ကျွန်မဘေးမှာ ဘယ်သူမှ မရှိဘူး။ ဘာမှ လုပ်စရာမရှိ ဘူး။ ကျွန်မအတွက် ဒီလိုနေရတာ ... အခုလိုနေရတာ နွေရာသီမှာ ပိုခက်တယ်။ လင်းနေတဲ့ နေရောင်ကြောင့် ပြေးပုန်းစရာ အမှောင်မရှိဘူး။ လူတွေအားလုံး အပြင်ကိုထွက်၊ ပိုးစိုးပက်စက်တွေ ပျော်နေကြတာ။ ကြည့်ရတာ မောလိုက်

တာ။ ပျော်တဲ့ အထဲမှာ ကိုယ်မပါတော့ ပိုဆိုးတယ်။ ရုံးပိတ်ရက်တွေဟာ ကျွန်မအတွက်တော့ မပြီးနိုင် မစီးနိုင်အောင် ကြာဦးမယ့်၊ ဗလာဖြစ်နေမယ့် ၄၈ နာရီပဲ။ သံဘူးကို ထပ်မော့လိုက်တယ်။ တစ်စက်မှ မကျန်တော့ဘူး။

*****

## ဇူလိုင် (၈) တနင်္လာနေ့၊ ၂၀၁၃

## မနက်

တော်သေးတယ်။ ၈:၀၄ ရထားပေါ် ပြန်ရောက်ပြီ။ လန်ဒန်ကို သွားချင်လွန်းလို့ တော့ မဟုတ်ဘူး ။ တကယ်က သွားကို မသွားချင်ဘူး။ ဒီရထားရဲ့ ပျော့အိအိ ထိုင်ခုံပေါ်ကို မှီချလိုက်တာ။ ပြတင်းပေါက်က ဖောက်ဝင်လာတဲ့ နေရောင်နွေးနွေးကို ထိတွေ့ချင်တာ။ ရထားတွဲ ရှေ့နောက်ယိမ်းထိုးနေတာကို ခံစားချင်တာ။ သံလမ်းနဲ့ သံဘီးကြားက ဂျုံးဂျုံးဂျက်ဂျက် အသံကို နားထောင်ချင်တာ။ ရထားပေါ်မှာ ထိုင်၊ အပြင်ကိုကြည့်၊ လမ်းဘေးက အိမ်တွေကို ငေးချင်တာ။ တခြားနေရာတွေ အားလုံးထက် ဒီရထားပေါ် ရောက်နေရတာ ပိုအဆင် ပြေနေတာ။

ရထားလမ်းမှာ ပျက်နေတဲ့ အချက်ပြမီး တစ်ခုရှိတယ်။ လမ်းတစ်ဝက်လောက်မှာ ရှိတာ။ ပျက်နေတာပဲ နေမှာ ။ အချက်ပြမီးက အမြဲလိုလို နီနေတာလေ။ အဲဒီနေရာရောက်ရင် နေ့တိုင်းလိုလို ရထားခဏရပ်တယ်

။ တစ်ခါတလေ စက္ကန့်ပိုင်းလောက်ပဲ ရပ်တယ်။ တစ်ခါတလေကျရင်တော့ မိနစ်ပိုင်းလောက်ထိ ကြာတတ်တယ်။ ကျွန်မ ထိုင်နေကျ ရထားတွဲက D။ အဲဒီ မီးနီမှာ ရထားရပ်ဖြစ်ရင် (အမြဲလိုလို ရပ်ဖြစ်ပါတယ်) ကျွန်မထိုင်တဲ့ နေရာကနေ အိမ်နံပါတ် ၁၅ ကို ကောင်းကောင်း လှမ်းမြင်ရတယ်။ အိမ်နံပါတ် ၁၅ က ရထားလမ်းဘေးက အိမ် တွေထဲမှာ ကျွန်မသဘောအကျဆုံး အိမ်။

အိမ်နံပါတ် ၁၅ ဟာ တခြားအိမ်တွေနဲ့ သိပ်တော့ မကွာဘူး။ ဒီဘက်ခြမ်း ရထားလမ်းဘေးက အိမ်တွေ တော်တော်များများ ဟာ ဝိတိုရိယစတိုင် တစ်ဝက်ဆောက်ထားတာ များ တယ်။ နံပါတ် ၁၅ ကလည်း တူတူပါပဲ။ နှစ်ထပ်အိမ်လေး။ သေသေချာချာ ပြုစုယုယထားတဲ့ ၊ ပေ ၂၀ လောက်ပဲ ကျယ်တဲ့ ပန်းခြံ ခပ်ကျဉ်းကျဉ်းလေးလည်း ရှိတယ်။ ပန်းခြံကို ခြံစည်းရိုး ခတ်ထားတယ်။ ခြံစည်းရိုးကနေ ၁၀ ပေ၊ ၁၅ပေလောက်ဆက်သွားရင် ရထားလမ်းကို ရောက်မယ်။ ဒီအိမ်ကို ကျွန်မ အလွတ်ရနေပြီ။ အုတ်ချပ်တိုင်းကို မှတ်မိနေပြီ။ အပေါ်ထပ် အိပ်ခန်းရဲ့ ခန်းဆီးအရောင်ကိုလည်း ကျွန်မသိတယ်။ (အသားရောင် အောက်ခံမှာ အပြာရင့်အကွက်နဲ့ )။ ရေချိုးခန်း ပြတင်းပေါင်မှာ ဆေးတွေကွာနေတာကိုလည်း ကျွန်မ သိတယ်။ အိမ်ခေါင်မိုး ညာဘက်ခြမ်းမှာ အုတ်ချပ် ၄ ချပ် လွတ်နေတာကိုလည်း ကျွန်မ သိနေတယ်။

ထမင်းစားခန်းက အိမ်မကြီးရဲ့ အပြင်ဘက်ကို ထုတ်ပြီး ဆောက်ထားတာ။ ထမင်းစားခန်း ခေါင်မိုးပေါ်မှာ ဝရန်တာ ခပ်သေးသေးတစ်ခု ရှိတယ်။ အဲဒီအိမ်မှာ နေတဲ့ ဂျေဆင်နဲ့ ဂျက်စ် စုံတွဲဟာ နွေညနေခင်းတွေ ဆိုရင် ဝရန်တာဘက်ကို ထွက်ထိုင်တတ်ကြတာ ကိုလည်း ကျွန်မ သိနေပြန်တယ်။ အပြစ် ပြောစရာမရှိတဲ့ စုံတွဲပါပဲ။ ဂျေဆင့် ဆံပင်တွေက နက်မှောင်နေတယ်။ လူပုံက သန်သန်မာမာ။ ကြင်နာတတ်၊ ကာကွ

ယ်တတ်မယ့် လူမျိုး။ သူရယ်လိုက်ရင် သိပ်ကြည့်လို့ ကောင်းတာပဲ။ ဂျက်စ်ကျတော့ သိပ်လှတဲ့ ငှက်ကလေးနဲ့ တူတယ်။ အသားဖြူဖြူ ဖျော့ဖျော့၊ ရွှေရောင်ဆံပင်တိုတိုနဲ့ ။ သူ့မျက်နှာအချိုးအဆစ်နဲ့ ဆံပင်တိုနဲ့ လိုက်တယ်။ မျက်နှာမှာ မှဲ့ခြောက် အပြောက်ကလေးတွေ ဟိုနားတစ်စ ဒီနားတစ်စ ရှိတယ်။

မီးနီမှာ ရထားရပ်တိုင်း သူတို့ စုံတွဲကိုများ တွေ့ရမလား... ကျွန်မ လိုက်ရှာနေမိတယ်။ မနက်ပိုင်းတွေ ဆိုရင် အထူးသဖြင့် နွေရာသီ မနက်ခင်းတွေမှာ ဂျက်စ်က ဝရန်တာမှာ ထိုင်ပြီး ကော်ဖီ သောက်တတ်တယ်။ တစ်ခါတလေ သူ့ကို လှမ်းတွေ့မိတဲ့ အချိန်တွေဆိုရင် သူလည်း ကျွန်မကို လှမ်းကြည့်နေသလိုပဲ။ စိတ်ထဲမှာ ထင်တာပါ။ လက်ပြနှုတ်ဆက်လိုက်ချင်ပေမဲ့ မလုပ်ဖြစ်ဘူး။ ရှက်သလိုလို၊ ကြောက်သလိုလို ဖြစ်နေလို့ ။ ဂျေဆင့်ကိုတော့ သိပ်မတွေ့ရဘူး။ အလုပ်ကိစ္စနဲ့ အပြင်ရောက်နေတယ် ထင်တယ်။ သူတို့ ကို မတွေ့ရတဲ့ အခါတွေ လည်း ရှိပါတယ်။ မတွေ့ရတော့လည်း သူတို့ ဘာလုပ်နေမလဲ ကျွန်မဘာသာ ကျွန်မ စိတ်ကူးယဉ်ကြည့်လိုက် တာပဲ။ ဒီနေ့မနက်တော့ နှစ်ယောက်သား အပြင်မသွားဘဲ အိမ်မှာ ပဲ နားနေကြသလား။ ဂျက်စ်က အိပ်ရာထဲမှာ လှဲနေတုန်း ဂျေဆင်က မနက်စာ ပြင်ပေးမယ်။ ဒါမှ မဟုတ် နှစ်ယောက်အတူတူ အပြေးလေ့ကျင့်ဖို့ ထွက်သွားကြ သလား။ သူတို့ ကိုကြည့်ရတာ အတူတူ အပြေးလေ့ကျင့်မယ့်စုံတွဲနဲ့ တူတယ်လေ။ (တွမ်နဲ့ ကျွန်မလည်း တနင်္ဂနွေ နေ့တိုင်း တူတူပြေးဖူးတယ်။ ကျွန်မက ပုံမှန်ပြေးမယ်။ တွမ်က ကျွန်မ လိုက်မီအောင်လို့ အရှိန် တစ်ဝက်လျှော့ပြီး ပြေးတတ်တယ်) ဒါမှ မဟုတ် အပေါ်ထပ် အခန်းပိုထဲမှာ ဂျက်စ်တစ်ယောက်တည်း ပန်းချီဆွဲနေမလား။ ဒါမှ မဟုတ် နှစ်ယောက်အတူတူ ရေချိုးခန်းထဲ ရောက်နေကြမလား။ ဂျက်စ်ရဲ့ လက်တွေက ရေချိုးခန်း ကြွေပြားပေါ်မှာ ၊ ဂျေဆင့်လ

က်တွေက ဂျက်စ်ရဲ့ ခါးပေါ်မှာ ...။

***

## ညနေ

ပြတင်းပေါက်ဘက်ကို ကိုယ်တစ်ခြမ်းလှည့်၊ ရထားတွဲထဲက လူတွေကို မသိမသာ ကျောခိုင်းလိုက်ပြီး ယူစတန်က ဝယ်လာတဲ့ ချန်နင်ဘလန့်ဝိုင် ပုလင်းသေးသေးလေးတွေထဲက တစ်လုံးကို ဖွင့်လိုက်တယ်။ ပုလင်း က သိပ်မအေးတော့ဘူး။ မအေးလည်း ရပါတယ်။ ပလတ်စတစ်ခွက်ထဲကို နည်းနည်း လောင်းထည့်လိုက်ပြီး ပုလင်းအဖုံးကို ပြန်ပိတ်၊ ပုလင်းကို လက်ဆွဲအိတ်ထဲ ပြန်ထည့်လိုက်တယ်။ ဒီနေ့ တနင်္လာနေ့ဆိုတော့ ရထားပေါ်မှာ တစ်ယောက်တည်း အရက်သောက်ရတာ သိပ်မသင့်တော်ဘူး။

ရထားတွဲထဲမှာ မြင်ဖူးနေကျ၊ ရင်းနှီးနေတဲ့ မျက်နှာတချို့ တွေ့တယ်။ သွားရင်းလာရင်း ဒီလိုပဲ မျက်မှန်းတန်းမိနေတာ။ သူတို့ လည်း ကျွန်မကို မှတ်မိနေလောက်ပြီပေါ့။ ကျွန်မရဲ့ အတွင်းရုပ် အစစ်အမှန် ကိုရော မြင်ကြသလားဆိုတာကိုတော့ ကျွန်မ မသိဘူး။

ဒီညနေခင်းက တော်တော်လှတယ်။ နွေးတယ်။ အရမ်းမပူဘူး။ နေလုံးက ဖြည်းဖြည်းချင်း လိမ့်ဆင်း နေတယ်။ အရိပ်တွေ ပိုရှည်လာတယ်။ သစ်ပင်တွေ ရွှေရောင်သန်း လာပြီ။ ရထားက တဂျက်ဂျက်နဲ့ ဆက်သွား ရင်း ဂျေဆင်နဲ့ ဂျက်စ်အိမ်ရှေ့က ဖြတ်တယ်။ ညနေခင်း နေ

ရောင်အောက်မှာ သူတို့ ရဲ့ အိမ်ကလေး မှုန်ဝါးပြီး ကျန်ခဲ့တယ်။ တစ်ခါ တလေကျရင် ရထားလမ်း ဒီဘက်ခြမ်းကနေ သူတို့ ကို လှမ်းမြင်ရတတ် တယ်။ ဟိုဘက်က လာတဲ့ ရထားတွေနဲ့ ကွယ်မနေတဲ့ အခါမျိုးဆိုရင်၊ ဒါ မှ မဟုတ် ကျွန်မ စီးလာတဲ့ အပြန်ရထား ဖြည်းဖြည်းလေး မောင်းနေတဲ့ အချိန်မျိုးဆိုရင်... သူတို့ အပြင်ဘက်မှာ ထွက်ထိုင်နေကြတာကို တွေ့ရ တတ်တယ်။ ဒီနေ့လို မတွေ့ ရတဲ့ အခါမျိုးတွေ ဆိုရင်လည်း ကျွန်မဘာ သာ ကျွန်မ စိတ်ကူးကြည့်လိုက်တာပဲ။ ဂျက်စ်က လက်ထဲမှာ ဝိုင်တစ် ခွ က်နဲ့ ထိုင်နေမယ်။ ဂျေဆင်က နောက်မှာ မတ်တတ်ရပ်ရင်း သူ့ရဲ့ လက် တွေကို ဂျက်စ်ရဲ့ ပခုံးပေါ်မှာ တင်ထား မယ်။ ဂျေဆင့်လက်နှစ်ဖက်က ပေးတဲ့ အင်အားတွေ၊ ကာကွယ်ပေးမယ့်ခွန်အားတွေကို ကျွန်မ ခံစားကြ ည့်လို့ ရတယ်။

တစ်ခါတလေ ကျွန်မတွေးမိတယ်။ အဓိပ္ပာယ်ရှိတဲ့ အထိအတွေ့မျိုး မခံစားရတာ ဘယ်လောက်ကြာ သွားပြီလဲ။ ဒီအတိုင်း ပွေ့ဖက်လိုက် တာပဲ ဖြစ်ဖြစ်။ လက်ဖဝါးတွေကို ချစ်ခြင်းနဲ့ ဆုပ်ကိုင်လိုက်တာပဲ ဖြစ်ဖြ စ်။ ဒီလိုတွေးလိုက်တိုင်း ရင်ဘတ်ထဲမှာ အသက်ငင်လာတယ်။

*****

## ဇူလိုင် (၉) အင်္ဂါနေ့၊ ၂၀၁၃

## မနက်

အရင်တစ်ပတ်က အဝတ်စုတ်ပုံဟာ အခုထိရှိနေသေးတယ်။ ဖုန်အ

လူးလူးနဲ့ အရင်ထက်ပိုပြီး သနား စရာကောင်းနေတယ်။ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ရထားတိုက်ခံရတဲ့ အခါ အဝတ်တွေပါ စုတ်ပြတ်သတ်ပြီး ရထားအောက် ပါသွားတတ်တယ်ဆိုပဲ။ ရထားကြိတ်ခံရပြီးသေတာ သိပ် အထူးအဆန်းတော့ မဟုတ်ဘူး ။ တစ်နှစ်ကို လူ ၂၀၀၊ ၃၀၀ လောက် ရထားတိုက်ပြီး သေတယ်လို့ ပြောတာပဲ။ သေတဲ့ သူတွေထဲမှာ မတော် တဆ ဖြစ်တာ ဘယ်နှယောက် ပါသလဲတော့မသိဘူး။ အဝတ်ပုံနားက နေ ရထားဖြတ်တော့ သေချာ ငုံ့ကြည့်လိုက်သေးတယ်။ သွေးပေနေတာ တော့ မတွေ့မိဘူး။

အချက်ပြမီးရှေ့ ရောက်တော့ ရထား ခဏရပ်တယ်။ အိမ်နံပါတ် ၁၅ ကို လှမ်းမြင်ရပြီ။ ဂျက်စ် တစ်ယောက်တည်း ဝရန်တာမှာ မတ်တတ်ရပ် နေတယ်။ ပန်းနုရောင် ဝတ်စုံဝတ်ထားတယ်။ ဖိနပ် မစီးထားဘူး။ နောက်ဘက်ကို လှည့်ပြန်လှည့်ပြီး အိမ်ထဲကိုလှမ်းကြည့်နေတယ်။ ဂျေဆင့်ကို စကား လှမ်းပြောနေတာလား မသိဘူး။ ဂျေဆင်က ဒီအချိန်ဆို မနက်စာ ပြင်ပေးနေလောက်ပြီ။ ရထားပြန်ထွက်ပြီ။ ကျွန်မ မျက်လုံးတွေကို ဂျက်စ်ဆီမှာ ပဲ အာရုံစိုက်ထားလိုက်တယ်။ တခြားအိမ်တွေကို မကြည့်ချင်ဘူး။ အထူးသဖြင့် လေးအိမ် အကျော်မှာ ရှိတဲ့ ၊ တစ်ချိန်က ကျွန်မ ပိုင်ဆိုင်ခဲ့ဖူးတဲ့ အိမ်ကို... မမြင်ချင်ဘူး။

ဟုတ်တယ်။ အိမ်နံပါတ် ၂၃၊ ဘလန်ဟိန်းလမ်းမှာ ကျွန်မ ငါးနှစ်ကြာအောင် နေခဲ့ဖူးတယ်။ အဲဒီအိမ်ထဲမှာ လိုက်လိုက်လှဲလှဲ ပျော်ခဲ့ဖူးသလို ဝရန်းသုန်းကားလည်း ကျိုးကြေခဲ့ဖူးတယ်။ အခုတော့ အဲဒီအိမ်ကို မမြင်ချင်တော့ဘူး။ အိမ်နံပါတ် ၂၃ ဟာ ကျွန်မဘဝမှာ ပထမဆုံး ပိုင်ဆိုင်ဖူးတဲ့ အိမ်။ မိဘတွေပိုင်တဲ့ အိမ်လည်း မဟုတ်ဘူး ။ သူငယ်ချင်းနဲ့ တူတူငှားနေတဲ့ အိမ်လည်း မဟုတ်ဘူး ။ ကျွန်မကိုယ်တိုင် ပိုင်ခဲ့တဲ့ အိမ်။ အခု... အဲဒီအိမ်ကို မကြည့်ရက်ဘူး။ ကြည့်လို့ မရဘူးလား ဆိုတော့လ

ည်း မဟုတ်ဘူး ။ လှမ်းကြည့်ချင်တယ်။ လှမ်းကြည့်ဖြစ်တယ်။ မကြည့်ချင်ဘူး…။ မကြည့်ဖြစ်အောင် ကြိုးစားနေတာ။ နေ့တိုင်း၊ အဲဒီအိမ်ရှေ့က ဖြတ်တိုင်း… လှမ်းမကြည့်ဖြစ်အောင် ကြိုးစားတာပဲ။ နေ့တိုင်း… မအောင်မြင်ဘူး။ ဘယ်လိုမှ ကိုယ့်ကိုယ်ကိုယ် တားလို့ မရဘူး။ ကျွန်မ မြင်ချင်တဲ့ အရာတွေ အဲဒီအိမ်ထဲမှာ တစ်ခုမှ မရှိတော့ဘူးဆိုတာ… မြင်မြင်သမျှ အရာအားလုံးဟာ ကျွန်မကို နှိပ်စက်ဦးတော့မယ်ဆိုတာ သိနေလည်း မျက်လုံးတွေက အဲဒီအိမ်ဆီကို အလိုလိုမျှောပါသွားတာပဲ။ အပေါ်ထပ် ပြတင်းပေါက် ခန်းဆီးဟာ ကျွန်မရှိတုန်းက နို့နှစ်ရောင်။ အခုတော့ ပန်းရောင်ဖြစ်သွားပြီ။ အိမ်ပြင်ဘက်မှာ ရေလောင်းနေတဲ့ အန်နာ့ကို လှမ်းတွေ့တုန်းကဆိုရင် အန်နာ့ရဲ့ ဗိုက်မို့မို့ပေါ်က တင်းရင်းနေတဲ့ တီရှပ်ကို ငေးကြည့်ရင်း ကျွန်မ နှုတ်ခမ်းတွေ သွေးစိမ့်လာတဲ့ အထိ ဖိကိုက်ဖူးတယ်။

မျက်လုံးတွေကို ပိတ်လိုက်တယ်။ တစ်… နှစ်… သုံး…။ တစ်ဆယ့်ကိုး… နှစ်ဆယ်… စိတ်ထဲကနေ ရေနေလိုက်တယ်။ ကျော်သွားပြီ…။ မမြင်ရတော့ဘူး။ ကျန်ခဲ့ပြီ။ ရထားက ဇစ်တနီ ဘူတာကို ဝင်တယ်။ ပြန်ထွက်တယ်။ မြို့ထဲပိုင်းကို ကျော် လာပြီး မှုန်ကုပ်ကုပ် လန်ဒန်မြောက်ပိုင်းထဲကို ဝင် လာပြီ။ ခြံနဲ့ ဝင်းနဲ့ ၊ ဝရန်တာနဲ့ အိမ်တွေ သိပ်မတွေ့ရတော့ဘူး။ အိမ်စုတ်တွေ၊ ဆေးကွာနေတဲ့ တံတားဟောင်းတွေကို စမြင်ရပြီ။

ယူစတန်ဘက်ကို ရောက်ဖို့ နီးလာတိုင်း စိတ်ထဲမှာ လန့်နေတယ်။ ရင်ထဲမှာ လေးလာတယ်။ ဒီနေ့ရော … ဘာထပ်ဖြစ်ဦးမှာ လဲ။ ယူစတန်မရောက်ခင် မီတာ ၅၀၀ လောက် အလို… ရထားလမ်းရဲ့ ညာဘက်ခြမ်းမှာ ခပ်နွမ်းနွမ်း ကွန်ကရစ် အဆောက်အအုံတစ်ခု ရှိတယ် ။ အဲဒီ အဆောက်အအုံရဲ့ ဘေးနံရံမှာ ပန်းချီဆွဲထားတယ်။ ‘ဘဝဟာ စာတစ်ပိုဒ်မဟုတ်’ တဲ့ ။ ရထားလမ်းဘေးက အဝတ်ပုံကို ပြန်မြင်ယောင်မိ

တယ်။ ကျွန်မ အသက်ရှူ ကျပ်လာတယ်။ ဘဝဟာ စာတစ်ပိုဒ်မဟုတ်သလို… သေခြင်းတရားကိုလည်း ကွင်းစကွင်းပိတ်နဲ့ ရှင်းပြလို့ မရဘူး။

***

## ညနေ

၅:၅၆ ရထားဟာ မနက်ရထားထက် နည်းနည်းပိုနှေးတယ်။ ခရီးစဉ် စ/ဆုံးဆိုရင် တစ်နာရီနဲ့ တစ်မိနစ် ကြာတယ်။ ရပ်တဲ့ ဘူတာရုံအရေအတွက် တူပေမဲ့ မနက်ရထားထက ၇ မိနစ်တောင် ပိုကြာတယ်။ ကြာလည်း ပြဿနာမရှိပါဘူး။ လန်ဒန်ကို သွားဖို့ အလျင်မလိုသလို အက်ရှ်ဗြူရီကို ပြန်ဖို့ လည်း လောစရာ မကြောင်းမရှိ ဘူး။ အက်ရှဗြူရီကို မကြိုက်လို့ တော့ မဟုတ်ဘူး ။ အက်ရှ်ဗြူရီဟာ ၁၉၆၀ လောက်ကမှ ပေါ်လာတဲ့ ၊ ဘာကင် ဟမ်ရှိုင်းယားရဲ့ အလယ်ကို ဗဟိုတည်ပြီး ကင်ဆာကျိတ်တစ်ခုလို ပျံ့လာတဲ့ နေရာ။ အက်ရှ်ဗြူရီလို မြို့ငယ်လေးတွေ အများကြီးပါ။ သူတစ်ခုတည်း ထူးထူးခြားခြား ဆိုးနေတာ မဟုတ်ဘူး ။ မြို့ငယ်တွေရဲ့ ထုံးစံအတိုင်း ကော်ဖီဆိုင်တွေ၊ ဖုန်းဆိုင်တွေ၊ အားကစား အဝတ်အထည်ဆိုင်တွေနဲ့ ပြည့်နေတဲ့ ရှော့ပင်းစင်တာ တစ်ခုရှိမယ်။ စင်တာ ပတ်ပတ်လည်မှာ လူနေအိမ် နည်းနည်းရှိမယ်။ ရုပ်ရှင်ရုံ ရှိမယ်။ မြို့ပြင်မှာ တက်စ်ကို စင်တာအကြီး တစ်ခုရှိမယ်။ မြို့ရဲ့ စီးပွားရေးဇုန်နဲ့ လူနေဇုန် နှစ်ခုစပ်ကြား နေရာနားက အိမ်တစ်အိမ်မှာ ကျွန်မ နေပါတယ်။ နေတယ်ဆိုပေမဲ့ ကျွန်မ ပိုင်တဲ့ အိမ်တော့ မဟုတ်ပါဘူး။ ကျွန်မရဲ့ တကယ့်အိမ်က ရထားလမ်းဘေးက အိမ်နံပါတ် ၂၃လေ။ ကျွန်မ တစ်ဝ

က်ပိုင်ဆိုင်ခဲ့တဲ့ အိမ်ပေါ့။ အက်ရှ်ဖြူရီ မှာ တော့ ကျွန်မဟာ အိမ်ပိုင်ရှင် မဟုတ်ဘူး ။ အိမ်ငှားတောင် မဟုတ်ဘူး ။ ကျွန်မ သူငယ်ချင်း ကတ်သီပိုင်တဲ့ ခပ်ရိုးရိုး ငြိမ်ငြိမ် နှစ်ထပ်တိုက်ရဲ့ အိပ်ခန်း ကျဉ်းကျဉ်းလေးထဲမှာ လခလေး မပြစ်စလောက်ပေးပြီး ကပ်နေနေရတာ။ ကတ်သီက သဘောကောင်းလို့ ကျွန်မကို ခေါ်တင်ထားတာ။

ကတ်သီနဲ့ က ကျောင်းမှာ တုန်းက သူငယ်ချင်းတွေ။ သူငယ်ချင်းဆိုပေမဲ့ အရမ်းကြီးတော့ မရင်းနှီးဘူး။ ကျောင်းရဲ့ ပထမနှစ်တုန်းက ကတ်သီ့အခန်းနဲ့ ကျွန်မအခန်းက မျက်နှာချင်းဆိုင်လေ။ တက်နေတဲ့ အတန်းကလည်း အတူတူပဲဆိုတော့ ကျောင်းတက်ကာစ အချိန်အတောအတွင်းမှာ တော့ တော်တော်ပေါင်းဖြစ် သွားတယ်။ နောက်ပိုင်းကျတော့လည်း နှစ်ယောက်စလုံး ကိုယ်စီကိုယ်စီ ပိုခင်ရမယ့်သူတွေ တွေ့သွားကြတယ်။ ပထမနှစ် ပြီးသွားတော့ သူနဲ့ ကျွန်မ သိပ်မတွဲဖြစ်တော့ဘူး။ ကောလိပ်ပြီးသွားတော့ လုံးဝနီးပါးကို မတွေ့ဖြစ်တော့ဘူး။ မင်္ဂလာဆောင်တွေမှာ ၊ တခြား ပွဲလမ်းသဘင်တွေမှာ တွေ့ဖြစ်ရုံလောက်ပဲ ရှိတော့တာ။ ဒါပေမဲ့ တိုက် တိုက်ဆိုင်ဆိုင်ပဲ ကျွန်မ နေစရာနေရာတစ်ခု ရှာနေတဲ့ အချိန်နဲ့ ကတ်သီ့ဆီမှာ အခန်းပို တစ်ခုရှိနေတာနဲ့ သွားကြုံတယ်။ ရင်းနှီးပြီးသားသူတွေလည်း ဖြစ်နေတော့ ပိုအဆင်ပြေတယ်ပေါ့။ တစ်လ၊ နှစ်လ၊ အလွန်ဆုံးဆိုရင်မှ ၆ လလောက်ပဲ နေဖြစ်မှာ ပါလို့ ထင်ထားခဲ့တာပဲ။ ကျွန်မက တစ်ယောက်တည်းလည်း တစ်ခါမှ မနေဖူးဘူးလေ။ မိဘတွေနဲ့ နေတယ်။ ပြီးတော့ သူငယ်ချင်းတွေနဲ့ အခန်းငှားနေတယ်။ ပြီးတော့ တွမ်နဲ့ အတူတူနေတယ်။ ဒီတော့ တစ်ယောက်တည်း နေဖို့ ဆိုတာ မတွေးရဲဘူး။ ဒါနဲ့ ပဲ ကတ်သီ့ဆီမှာ သွားနေဖို့ သဘောတူလိုက်တာ။ ကတ်သီ့ဆီမှာ နေနေတာ အခုဆိုရင် ဘာလိုလိုနဲ့ နှစ်နှစ်တောင် ကျော်ပြီ။

ကတ်သီဆီမှာ နေရတာ ဆိုးတယ်လို့ တော့ မဟုတ်ဘူး ။ ကတ်သီက သဘောကောင်းပါတယ်။ သူ့ သဘော ကောင်းကြောင်းကိုတော့ နေ့တိုင်းနီးပါး အသိအမှတ် ပြုစေချင်တယ်။ ဖြစ်နိုင်ရင် သဘောကောင်းတဲ့ လက်မှတ်ကို လည်ပင်းမှာ ဆွဲထားချင်တာ။ ဒီတော့ သူနဲ့ နေရတာ နည်းနည်းတော့ ပင်ပန်းတာပေါ့။ ပြဿနာ ကြီးကြီးကျယ်ကျယ်တော့ မရှိဘူး။ ဒီထက်ဆိုးတဲ့ အခန်းဖော်တွေ အများကြီး။ ကျွန်မ အခုဖြစ်နေတဲ့ အခြေ အနေက ကတ်သီ့ကြောင့် မဟုတ်ဘူး ။ အက်ရှ်ဗြူရီကြောင့် လည်း မဟုတ်ဘူး ။ (အခုဖြစ်နေတဲ့ ပြဿနာ ဆိုပေမဲ့ ဖြစ်နေခဲ့တာ နှစ်နှစ်တောင်ကျော်နေပြီပဲ။) အခုက ဘာကိုမှ ထိန်းချုပ်လို့ မရတော့သလို အကုန်လုံး လွတ်ထွက်သွားသလို ခံစားနေရတာ။ မီးဖိုထဲမှာ ကတ်သီ့ကိုရှောင်ရင်း ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ညစာ ချက်ရတဲ့ အခါ၊ ဆိုဖာပေါ်မှာ ထိုင်ရင်း၊ တီဗွီကြည့်ရင်း ကတ်သီ့လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ တီဗွီရီမုဒ်ကို လှမ်းကြည့်မိတဲ့ အခါတွေမှာ သူ့အိမ်ရဲ့ စည်းအစပ်မှာ ရပ်နေရတဲ့ ဧည့်သည် တစ်ယောက်လိုပဲ ကျွန်မ ကိုယ် ကျွန်မ မြင်တယ်။

ကျွန်မ ပိုင်တယ်လို့ ခံစားရတဲ့ အရာဆိုလို့ ကျွန်မရဲ့ အိပ်ခန်းကျဉ်းကျဉ်းလေးပဲ ရှိတယ်။ နှစ်ယောက်အိပ် ခုတင်တစ်လုံး၊ စားပွဲတစ်လုံးနဲ့ တင် အခန်းက ပြည့်ကျပ်နေပြီ။ လမ်းလျှောက်လို့ ရရုံပဲ။ အခန်းထဲမှာ နေရတာ စိတ်သက်သာရာတော့ ရပါတယ်။ ဒါပေမဲ့ အမြဲနေချင်စရာ နေရာတော့ ဘယ်ဟုတ်ပါ့မလဲ။ ဒီတော့... ဧည့်ခန်း ထဲမှာ ၊ ဒါမှ မဟုတ် ထမင်းစားခန်းထဲမှာ ယောင်နနနဲ့ ထိုင်ရင်း၊ ငိုင်ရင်း... ခွန်အားမရှိ၊ မအေးတဲ့ စိတ်နဲ့ ။ ကျွန်မ ပိုင်တဲ့ နိုင်တဲ့ အရာတွေ ဘာမှ မရှိတော့ဘူး။ လက်ထဲက အကုန်လွတ်ထွက်ကုန်ပြီ။ လက်ထဲက အရာတွေ သာမက စိတ်ထဲက နေရာတွေကိုပါ မပိုင်တော့ဘူး။

*****